




# အခက်အခဲများ







“ထိုမျှမက၊ ဒုက္ခဆင်းရဲခြင်းကိုခံ၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။ အ ကြောင်းမူကား၊ ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက် သေထင်ရှားခြင်းသည်လည်း မျှော်လင့်ခြင်းကို ပြုစုတတ်၏။ ထိုမျှော် လင့်ခြင်းသည် ရှက်ကြောက်စရာ အ ကြောင်းနှင့် ကင်းလွတ်၏။ အ ဘယ်ကြောင့်နည်းဟူမူကား၊ ငါ တို့အား ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ဘု ရားသခင်၏မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့ ညွန်းလောင်းတော်မူ၏” (ရောမ ၅း၃-၅)





ကျွန်ုပ်တို့သည် အပြစ်နှင့်ဒုက္ခဆင်းရဲမှုများ ပြည့်နှက်သော ကမ္ဘာကြီးတွင် နေထိုင်ကြသည်။ အခက်အခဲများကို ရင်ဆိုင်ကြသည်။ ၎င်းကြောင့်ဘုရားမေတ္တာကို မေးခွန်းထုတ်တတ်ကြသည်။

ထိုအခက်အခဲများကို မည်သို့တုန့်ပြန်ကြမည်နည်း။

ရှေးဘိုးလေးများက မတူညီ၊ ဆိုးယုတ်သောအခြေအနေများကို မည်သို့ရင်ဆိုင်ခဲ့ကြသည်ကို လေ့လာမည်။ သူတို့၏နေ့ထိုင်မှုများက ကျွန်ုပ်တို့၏ လက်ရှိအခက်အခဲများကို ရင်ဆိုင်နိုင်ဖို့ရန် ကူညီလိမ့်မည်။

ဘဝမုန်တိုင်းများ



အနာရောဂါများ



သဘာဝဘေးဒဏ်များ




စိတ်ပျက်မှုများ



ယေရှုကိုတွေ့ပါ





# ဘဝမုန်တိုင်း

“ထိုအခါ ပြင်းစွာသော မိုးသက်မုန်တိုင်းဖြစ်၍ လှိုင်းတံပိုးခတ်သောကြောင့် လှေသည် ရေနှင့်ပြည့်လေ၏” (မာကု ၄း၃၇)



ကျွမ်းကျင်သောတံငါသည်များဖြစ်သည့် ပေတရု၊ အန္ဒြေ၊ ယာကုပ်နှင့် ယောဟန်တို့အတွက် ညသန်းခေါင်ယံတွင် ဂါလိလဲအိုင်ကို ဖြတ်ကျော်ခြင်းသည် အသစ်အဆန်းမဟုတ်ပါ။

သို့သော် သူတို့ကို မုန်တိုင်းက ဒုက္ခပေးခဲ့သည်။ လေပြင်းကြောင့် လှိုင်းလုံးထန်လာပြီး လှေထဲသို့ရေဝင်လာပြီး သူတို့၏အသက်ကို ငြိမ်းခြောက်ခဲ့သည်။ ထိုနောက်ခရစ်တော်ကို သတိရလာကြသည်။ ယေရှုဘယ်မှာလဲ။ အိပ်နေသလား။ ကျွန်ုပ်တို့ကို ဘာကြောင့်မကူညီသလဲ။ ဒီလောက်ဒုက္ခရောက်နေတာ ဂရုမစိုက်ပါလား (မာကု ၄း၃၅-၃၈) ဟု ထင်မြင်ခဲ့ကြသည်။



အသက်တာမှာ မုန်တိုင်းနှင့်တွေ့ကြုံရတတ်သည်။ ယေရှုကို အကူအညီတောင်းသော်လည်း အိပ်ပျော်နေသကဲ့သို့ ထင်ရသည်။ ကိုယ်တော်မရှိပါလားဟု ခံစားရသည်။ သို့သော် သူရှိနေသည်။ မုန်တိုင်းကို ဆုံးမရန် အချိန်ကို စောင့်ပါ- “ငြိမ်သက်၊ တိတ်ဆိတ်ခြင်းရှိလော့” (မာ ၄း၃၉)။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဂရုစိုက်တော်မူ၏ (၁ ပေ ၅း၇)။ ကိုယ်တော်သည် ကျွန်ုပ်တို့၏မုန်တိုင်းများကို ငြိမ်သက်စေနိုင်သည်။ ကိုယ်တော်ငြိမ်သက်စေသောအခါ ကိုယ်တော်အား ချီးမွမ်းရန် မမေ့ပါနှင့် (မာ ၄း၄၀-၄၁)။




# အနာရောဂါများ

“ငါသည် အဝတ်တော်ကိုသာတို့လျှင် ချမ်းသာရမည်ဟု ဆိုသည်နှင့်၊ လူအစုအဝေးထဲ၌ နောက်တော်သို့ လာ၍ အဝတ်တော်ကို တို့လေ၏” (မာကု ၅:၂၈)



ကုသပေးနိုင်သော ဆရာဝန်ကို ရှာမတွေ့နိုင်ဘဲ သွေးသွန်ရောဂါ ဆယ့်နှစ်နှစ်ကြာ ခံစားခဲ့ရခြင်းကြောင့် အမျိုးသမီးသည် ဆင်းရဲနွမ်းပါးပြီး မျှော်လင့်ချက်မဲ့ခဲ့ရသည် (မာကု ၅:၂၅-၂၆)။ ယနေ့ခေတ်တွင် အခမဲ့ဆေးကုသမှု မရှိသေးသော နိုင်ငံများရှိနေပြီး ဤဇာတ်လမ်းသည် ယနေ့တိုင် လက်တွေ့ဖြစ်ရပ်တစ်ခု ဖြစ်နိုင်သည်။



မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့အားလုံးသည် သက်သာရာရှာမတွေ့ဘဲ ရောဂါဝေဒနာအတွင်း၌ အကျဉ်းကျလျက် မွန်းကျပ်နေရသည်။



ထိုအမျိုးသမီးသည် ယေရှု၌ အဖြေရှာတွေ့ခဲ့သည်။ သူမ၏ယုံကြည်ခြင်းက သူမကိုကယ်တင်ခဲ့သည် (မာကု ၅:၂၇-၂၉)။

ကျွမ်းကျင်သောဆရာဝန်များကို အသုံးပြု၍ (သို့) အံ့ဖွယ်အမှုကိုအသုံးပြု၍ ကျွန်ုပ်တို့ကို ကုသနိုင်ကြောင်းကျွန်ုပ်ယုံကြည်ရမည်။



မည်သို့ပင်ဖြစ်စေ၊ ယေရှုက ကျွန်ုပ်တို့၏ ဝန်ထုပ်ဝန်ပိုးများနှင့် စိုးရိမ်ပူပန်မှုအားလုံးကို ကိုယ်တော်ထံ အပ်နှံရန် ဖိတ်ခေါ်ပါသည် (မဿဲ ၁၁:၂၈-၃၀)။

# သ ဘ ၀ ဘေး ဒ ဏ် များ

ငါ့အရေကုန်ပြီးမှ ဤကိုယ်ကိုပင် ဖျက်ဆီးသော်လည်း၊ ငါသည် ကိုယ်ခန္ဓာ၌ ဘုရားသခင်ကိုမြင်မည်ဟူ၍လည်းကောင်း ငါသိ၏ (ယောဘ ၁၉း၂၆)

စစ်ပွဲ၊ အကြမ်းဖက်မှုနှင့် သဘာ၀ဘေးဒဏ်များသည် ယောဘ၏ဘ၀ကို လုံး၀ပြောင်းလဲစေခဲ့သည် (ယောဘ ၁:၁၃-၁၉)။ ကျွန်ုပ်တို့အားလုံးသည် သဘာ၀ဘေးဒဏ်ဖြစ်စေ၊ ဤလောကတွင် ပျံ့နှံ့နေသော မကောင်းမှုကြောင့်ဖြစ်စေ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရလေ့ရှိသည်။

ကျွန်ုပ်တို့ ဘယ်လိုတုံ့ပြန်ကြမလဲ။ ယောဘ ဘယ်လိုတုံ့ပြန်ခဲ့သလဲ။





ဘုရားသခင်ကို အပြစ်တင်ခြင်း (သို့) ငြင်းပယ်ခြင်းမပြုခဲ့ပါ။

အစွမ်းရှိသမျှဖြင့် ဘုရားကို ဖက်တွယ်ထားသည်။

အမှောင်ဆုံးချိန်မှာပင် ဘုရားကို ကိုးစားခဲ့သည်။

အနာဂတ် ဘုန်းအသရေကို မျှော်မန်းခဲ့သည် ယောဘ ၁၉း၂၅-၂၇)

ကျွန်ုပ်တို့၊ စိတ်ဓါတ်မကျဘူးဆိုလျှင် အခက်ခဲဆုံးစမ်းသပ်မှုကြားမှာပင် ဘုရားရှိသည်ဟု မြင်လိမ့်မည်။ ကျွန်ုပ်တို့ကိုချစ်၍ အားနည်းခြင်းမှ ခွန်အား၊ စိတ်ဓါတ်ကျခြင်းမှ ရဲစွမ်းသတ္တိ၊ ဘေးဥပဒ်မှ မျှော်လင့်ချက်ကို ပေးသည် (ယောလ ၃း၁၀၊ ရော ၅း၃-၅)။

သင်သည် အခက်အခဲကို ဖြတ်သန်းနေလျှင် ဘုရားသခင်၏မေတ္တာနှင့်ဂရုစိုက်မှုကို ဆင်ခြင်နှလုံးသွင်းပါ။ သင်၏ဘ၀လုံခြုံလိမ့်မည်။ တည်ငြိမ်လိမ့်မည်။

# စိတ်ပျက်မှုများ

## ထိုသူသည် ဣသရေလအမျိုးကို ရွေးနုတ်အံ့သောသူ ဖြစ်သည်ဟု ငါတို့သည် အထက်ကမျှော်လင့်ကြပြီ (လုကာ ၂၄:၂၁)








ရှုထောင့်- ယေရှုသည် အစ္စရေးလူမျိုးကို ရွေးနှုတ်မည့် မေရှိယဖြစ်သည်။ အဖြစ်မှန်- ကိုယ်တော် ကွယ်လွန်တော်မူပြီ (လုကာ ၂၄:၁၈-၂၁)။

သူတို့၏စိတ်ပျက်အားငယ်မှု အလွန်ကြီးမားသည့်အတွက် ရှင်ပြန်ထမြောက်ခြင်း၏ အရှင်းလင်းဆုံးသက်သေအထောက်အထားပင်လျှင် လက်ခံရန်အခက်တွေ့ကြသည် (လု ၂၄:၂၂-၂၄)

ယေရှုသည် စိတ်ရှည်စွာဖြင့် သူတို့၏မျှော်လင့်ချက်ပြန်လည်ရရှိရန် ကူညီပေးခဲ့ သည်။ နောက်ဆုံးတွင် “သူတို့၏မျက်စိ ပွင့်လင်းလာသည်” (လု ၂၄:၃၁)၊ စိတ် ပျက်အားငယ်နေသေးသူများကို အားပေးရန် သူတို့ပြေးသွားခဲ့ကြသည် (လု ၂၄:၃၂-၃၅; ၂ ကော ၁:၄)။ သူတို့၏အတွေ့အကြုံမှ ကျွန်ုပ်တို့ အဘယ်အရာသင် ယူနိုင်သနည်း။







- ကျွန်ုပ်တို့၏စိတ်ထဲတွင် သံသယများ အမြစ်တွယ်မနေစေရပါ။
- စိတ်ပျက်စေသည့်အချိန်၌ ယေရှုသည် ကျွန်ုပ်တို့၏အနားတွင်လျှောက်နေသည်
- သူ့ကိုအခွင့်ပြုလျှင် ကျွန်ုပ်တို့၏ရှုပ်ထွေးမှုများကို ဖြေရှင်းပေးမည်။
- ကျွန်ုပ်တို့၏လက်တွေ့ဘဝကို ယေရှုသည် ကျွန်ုပ်တို့ထက်ပိုသိသည်။

# ယေရှုကို တွေ့ပါ

ငါတို့အား ပေါ်ထွန်းလတ္တံ့သော ဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသောဆင်းရဲဒုက္ခကို ပမာဏမပြုထိုက်ဟု ငါသဘောရှိ၏ (ရောမ ၈း၁၈)

Ellen G White သည် အလွန်စိတ်ပျက်အားငယ်နေချိန်တွင် ရူပါရုံတစ်ခု၌ သခင်ယေရှုကို တွေ့မြင်ခဲ့သည်။

သူမ ကြုံတွေ့နေရသည့် အရာအားလုံးကို ယေရှုသိသည်ကို သူမနားလည်ခဲ့သည်။ တစ်ကြိမ်မှာ ယေရှုက သူမ၏ခေါင်းပေါ်မှာ လက်တင်ပြီး "မကြောက်နဲ့" ဟု မိန့်တော်မူခဲ့ပါသည်။

သူမသည် ဘုန်းအသရေရှိသော မြင်ကွင်းများကို မြင်တွေ့ခဲ့ရသည်။ သူမအတွက် ကောင်းကင်၏ လုံခြုံမှုနှင့် ငြိမ်းချမ်းမှုကို ရရှိပြီဟု ခံစားခဲ့သည်။

ဤအိပ်မက်က သူမကိုမျှော်လင့်ခြင်း၊ ယုံကြည်ခြင်းနှင့်စိတ်ချမှုကို ပေးခဲ့သည်။ ဘုရားကိုသာကိုးစားစေသည်။



“ဘုရားသခင်ကို ချစ်သောသူ တည်း
ဟူသော ကြံစည်တော်မူခြင်းအတိုင်း
ခေါ်တော်မူသောသူတို့၏အကျိုးကို
ခပ်သိမ်းသောအရာတို့သည် တညီ
တညွတ်တည်း ပြုစုကြသည်ကို
ငါတို့သိကြ၏။” (ရောမ ၈း၂၈)

“အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်း
ခြင်းနှင့်တကွ ဆုတောင်းပတ္ထနာ ပြုသောအားဖြင့်၊ သင်တို့တောင်းပန်လို
သော အရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့။ ထိုသို့ပြု
လျှင် အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည်
ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်”
(ဖိလိပ္ပိ ၄း၆-၇)

“ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်း
ခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိ
မှတ်လျက်၊ အထူးထူးအပြားပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့်
တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာအကြောင်း သက်သက်
ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည် အလျှင်းမချို့တဲ့ဘဲ
စေ့စပ်စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်
အစင် ပြုပြင်ပါစေ။စုံစမ်းနှောင့်ယှက်ခြင်းကို သည်းခံသော
သူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ စစ်ကြောစုံစမ်း
ခြင်းကို ခံပြီးမှ သခင်ဘုရားကို ချစ်သောသူတို့အား ကတိ
ထားတော်မူသော အသက်သရဖူကို ရလိမ့်မည်”
(ယာ ၁း၂-၄၊ ၁၂)



“ငါ့ကျေးဇူးသည် သင့်အဖို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်ဟု မိန့်တော်မူ၏။ ထို
ကြောင့် ခရစ်တော်၏ တန်ခိုးသည် ငါ့အပေါ်၌ ကျိန်းဝပ်မည်အကြောင်း ငါ့ကိုယ်၌ အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်
သောစိတ်နှင့် ဝါကြွားခြင်းငှာ သာ၍ ငါအလိုရှိ၏” (၂ ကောရိန္သု ၁၂း၉)

စိတ်ပျက်အားငယ်မှုနှင့်စိတ်ဓါတ်ကျခြင်းကို လူတိုင်းက တွေ့ကြုံခံစားကြပါသည်။ ဝမ်းနည်းမှုကြုံတွေ့ရသောအခါ ဘုရားသခင်သည် ကောင်းမြတ်သည်ဟု ယုံကြည်ရန်ခက်ခဲသည့်နေ့ရက်ကာလများကို ရင်ဆိုင်ရပါသည်။ ဒုက္ခဆင်းရဲမှုက နှောင့်ယှက်လာသည့်နေရက်များတွင် အသက်ရှင်ခြင်းထက် သေခြင်းကို ရွေးချင်စရာဖြစ်လာသည်။ ဤကဲ့သို့သောအချိန်မျိုးတွင် လူအများတို့သည် ဘုရားသခင်ကိုဆွဲကိုင် သည့် လက်ကိုလွှတ်လိုက်၍ သံသယကျေးကျွန်ဖြစ်လာကြသည်။ မယုံကြည်မှု၏ ကျွန်ဘဝရောက်သွားကြသည်။ ဤသို့သောအချိန်များ၌ ဘုရားသခင်၏စံမံမှုဖြင့် ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန် ကြိုးစားနေသည့် ကောင်းကင်တမန်များ မြင်တွေ့ကြလိမ့်မည်။ ထာဝရတောင်ပေါ်၌ ပိုမိုခိုင်မာသော အုတ်မြစ်ပေါ်မှာ ကျွန်ုပ်တို့၏ခြေများကို စိုက်ထူဖို့ရန် ကောင်းကင်တမန်များ၏ကြိုးစားနေမှုများတွေ့ရပါမည်။ ထိုနောက် ယုံကြည်ခြင်းအသစ်၊ အသက်တာအသစ်များ ပေါ်ပေါက်လာလိမ့်မယ်။

EGW (Prophets and Kings, pg. 163)